# တိမ်ပန်းပုရစ်

ညီဆောင်းဦး



မဂ္ဂဇင်းဝတ္ထုတိုများ

# တိမ်ပန်းပုရပ် နှင့် မဂ္ဂဇင်းဝတ္ထုတိုများ
## ညီဆောင်းဦး
### မှတ်မှတ်ရရစကား

စာအုပ်အတွက် အမှတ်တရစကား ရေးရတော့မယ်ဆိုတော့ ကျွန်တော့်မှာ ဘာရေးရမှန်းမသိ ဖြစ်ရပါတယ်။ စာအုပ်တစ်အုပ်ဆိုတာ စာရေးသူ တစ်ယောက်အတွက် မှတ်တိုင်တစ်ခုပဲ မဟုတ်လား။ အဲဒီမှတ်တိုင်ကို အကောင်းဆုံး စိုက်ထူနိုင်ဖို့ ကျွန်တော့်မှာ စာမူတွေကိုအခါခါ ရွေးရပါတယ်။ မဂ္ဂဇင်းစာမျက်နှာပေါ် ဖြတ်သန်းဖူးတဲ့ စာမူတွေဖြစ်ပေမဲ့ စာဖတ်သူတွေစိတ်ကြိုက် မဖြစ်မှာကိုလည်း လွန်စွာ စိုးရိမ်မိပါတယ်။ စာအုပ်တစ်အုပ် ဖြစ်ဖို့အတွက် ဒီအတားအဆီးက ကျွန်တော့်အတွက် ပထမဦးဆုံး မှတ်မှတ်ရရပါပဲ။

စာအုပ်ထုတ်တော့မယ် ဆိုတော့ အမှာစာရေးဖို့ လိုလာပါပြီ။ ကျွန်တော်တွေ့နေကျ စာအုပ်တွေဟာ ဆရာကြီးတွေရဲ့ အမှာစာတွေနဲ့ ဝေဝေဆာဆာ တင့်တယ်လှပကြပါတယ်။ ကျွန်တော့်မှာ အားကျငေးမောရပါတယ်။ ခက်တာက ကျွန်တော်ဟာ သီးခြားနေထိုင်သူ တစ်ယောက် ဖြစ်ပါတယ်။ စာပေနယ်က ဆရာကြီးတွေနဲ့လည်း အသိမရှိပါဘူး။ ဒါကြောင့် နောက်ဆုံး ကျွန်တော်အကောင်းဆုံး အမှာစာရေးမယ့် ပုဂ္ဂိုလ်တွေကို ရွေးချယ်လိုက်ပါတယ်။ အဲဒါကတော့ အခုစာဖတ်ပရိသတ်ပဲ ဖြစ်ပါတယ်။ ကျွန်တော့်ဝတ္ထုတွေကို ဖတ်ပါ။ နေရာစုံကနေ ဝေဖန်ပါ။ ကောင်းရင် တခြားစာဖတ်သူတွေကို ညွှန်းပေးပါ။ မကောင်းရင် ကျွန်တော့်ကို လာပြင်ပေးပါ။ တချို့ စာဖတ်

သူတွေဟာ နေရာစုံကနေ ကြည့်တတ်ကြလို့ ကျွန်တော့်စာအုပ်ကို စာဖတ်သူလက်ထဲ အပ်ပါတယ်။

လေးစားစွာ

ညီဆောင်းဦး

***

# ကြွေမြင်းမိုရ်
## အခန်း (၁)

နှစ်ထောင့်ရှစ်ရဲ့ ပြက္ခဒိန်နှစ်ထဲအရောက် သေမင်းဟာ မြန်မာပြည်ကို အမှောင်ချပြီး အသက်တွေကို တစ်ချောင်းချင်း နုတ်ယူသွားတယ်။ လူဖြစ်ရတဲ့ တန်ဖိုးက ကြွေလွယ်တဲ့ ကြယ်လို သေပေးရခြင်းလား။ မျက်လှည့်ဆရာ တစ်ယောက် တစ်ရွာလုံးကို ဖျောက်ပြသလိုပါပဲ။ အဲဒီညက ငိုသံတွေကို မိုးပြိုသံတွေနဲ့ ရောလွှင့်ခဲ့တယ်။ ကျွန်တော်တို့မိသားစုရဲ့ ငိုသံတွေဟာ အဖေ တစ်ယောက် ဆုံးရှုံးမှုကို အမွှမ်းတင်ပါတယ်။ နာဂစ်ဟာ အဲဒီလို သွေးအေးအေးနဲ့ အငြိုးကြီးခဲ့တယ်။ ရက်စက်တဲ့မုန်တိုင်း၊ အငြိုးကြီးတဲ့နာဂစ်၊ တစ်မိသားစုလုံး အတူတူ ရှိနေတာတောင်မှ ခေါင်ဆိုတာကို ခေါ်သွားခဲ့တယ်။ အဖေ့အသက် ဝိညာဉ်ကို မပြောနဲ့ အဖေ့ ရုပ်အလောင်းကိုတောင် ပြန်တွေ့ခွင့် မရအောင် မိသားစုနဲ့ အဆက်အသွယ် ဖြတ်ခဲ့တယ်။ ကျွန်တော်က လည်း ယောကျ်ားလေးလို နေတယ်ဆိုပေမဲ့ မိန်းကလေး တစ်ယောက် ဖြစ်နေတာရယ်၊ အဖေ့ကို ချစ်တဲ့ သမီးတစ်ယောက် ဖြစ်နေတာရယ်ပီပီ မျက်ရည်တို့က တာကျိုးရေလို မျက်နှာပေါ်ကို ဒလဟော စီးကျလာပါတယ်။ အမေကတော့ ရင့်ကျက်နေတဲ့ သူတစ်ယောက် ဖြစ်တာက တစ်ကြောင်း၊ နဂိုကတည်းက ကျွန်တော့်ထက် သန်မာတဲ့ ယောကျ်ားလေး စိတ်ခံ ရှိတာက တစ်ကြောင်း ဆိုတော့ ငိုရုံလေးပါ။ တကယ့် ဆွေးဆွေးလေးပါပဲ။ နောက်ပြီး အမေ့မျက်နှာဟာ တိုက်ပွဲဝင်မယ့် စစ်သူကြီး တစ်ယောက်လို ချက်ချင်း မာထန်သွားတယ်။ သေချာပေါက်နိုင်မယ့် တိုက်ပွဲလို့ ယုံကြည်နေ

သလို အမေ့မျက်နှာမှာ တက်ကြွနေသယောင်။

"သမီးအဖေမရှိတော့လည်း အမေရှိနေပါသေးတယ်။ အမေ့ပခုံးက သမီးအတွက် အဖေဖြစ်သလို၊ အမေ့နှလုံးက သမီးအတွက် အမေဖြစ်တယ်။ ဘာမှအားမငယ်နဲ့သမီး။ သမီး ဖြစ်ချင်တဲ့ နိုင်ငံကျော် ဘောလုံးသမား တစ်ယောက် ဖြစ်အောင်သာ ကြိုးစားဖို့ပြင်ထား"

အမေ့အားပေး စကားသံတွေဟာ ဘယ်အရာမဆို ရင်ဆိုင်ယှဉ်ပြိုင်ရဲတဲ့ သတ္တိတွေနဲ့ မာထန်နေတယ်။ ကျွန်တော့်ရဲ့ ရှေ့ရေးစိုးရိမ်မှုတွေ၊ ပူပန်ကြောင့်ကြမှုတွေဟာ လေအလာမှာ လွင့်ပါသွားတဲ့ အမှိုက်တွေလို ပြောင်ရှင်းသွားပါတယ်။

"သမီး အမေက အဖေနဲ့ မညားခင်တုန်းက တကယ့်ယောကျ်ားလေးလို နေတာကွ။ ဘောလုံးကန်တာ သိပ်ကောင်းတယ်။ ပိုက်ကျော်ခြင်းလည်း ခတ်တတ်တာပဲ။ ညားခါစကဆို အဖေ ခဏခဏ အထိုးခံရတာ"

ငယ်ငယ်က အဖေပြောခဲ့ဖူးတဲ့ စကားတွေဟာ အဖေ့ပုံရိပ်နဲ့အတူ မဖိတ်ခေါ်ဘဲ အတွေးထဲ အတင်းဝင်လာတယ်။ အမေဟာ အဖေနဲ့အတူတူ ပင်လယ်လိုက်တဲ့ အလုပ်ကို ကျွန်တော် မမွေးခင်အထိ လုပ်သေးတယ် ဆိုတာကိုလည်း အမေပြောပြခဲ့ဖူးတယ်။ ဒါတွေဟာ ကြာခဲ့ပြီလေ။ ကျွန်တော်ပဲ အခုဆို တစ်ဆယ့်ခြောက်နှစ် တင်းတင်းပြည့်ခဲ့ပြီ။ စီစဉ်မထားဘဲ ကျွန်တော့်နှုတ်က စကားတွေ ပြုတ်ကျလာခဲ့တယ်။

"အမေက ဘာအလုပ် လုပ်နိုင်လို့လဲ"

အမေဟာ သူ့ကိုယ်သူ ယုံကြည်တဲ့အပြုံး။ ကျွန်တော့်ကို စောင့်ကြည့်လိုက်ပါ ဆိုတဲ့ အပြုံးမျိုးနဲ့ ပြုံးလိုက်တယ်။

"ပင်လယ် လိုက်မှာပေါ့။ ပိုက်ချမှာပေါ့ သမီးရဲ့။ အမေမအို သေးပါဘူး"

ရေကြောင့်ဖြစ်တဲ့ ရွှံ့ကို ရေနဲ့ပြောင်အောင် ဆေးရသလို စိတ်ကြောင့်ဖြစ်တဲ့ အညစ်အကြေးကို စိတ်နဲ့ပဲ ပြန်ဆေးရပါတယ်။ အဲဒီလိုပါပဲ အမေဟာ ကျွန်တော့် စိတ်အညစ်အကြေးတွေကို သူ့စိတ်နဲ့ပြောင်အောင် ဆေးပေးနိုင်ခဲ့ပါတယ်။ ဒါပေမဲ့လည်း အမေ့အသက်က မငယ်တော့သလို ကျွန်တော်ကလည်း လုပ်နိုင်ကိုင်နိုင်တဲ့ အရွယ် ဖြစ်နေပါပြီ။ အဖေရှိတုန်းကလို နေလို့မရတော့မှန်း ကျွန်တော် သဘောပေါက်ပါတယ်။ သားအမိနှစ်ယောက်ပဲ ရှိတော့တဲ့ မိသားစုမှာ အမေနဲ့အတူ တာဝန်ခွဲယူ ရမှာပေါ့။

"နိုင်ငံကျော် ဘောလုံးသမား ဖြစ်မဖြစ် အရေးမကြီးပါဘူး။ မိသားစုဝမ်းရေးက ပိုအရေးကြီးတာပါ။ ကျွန်တော်လည်း အိမ်ရဲ့စားဝတ်နေရေးကို အမေနဲ့အတူတူ ဖြေရှင်းရမှာပေါ့"

ကျွန်တော်တို့ နယ်တစ်ဝိုက်မှာ ကျွန်တော်က ဘောလုံးကန်အကောင်းဆုံး၊ နိုင်ငံကိုယ်စားပြု ကစားဖို့ အတွက်ကိုတောင် မြို့နယ်လူကြီးတွေက ရည်ရွယ်ထားပြီးသား။ ဒါပေမဲ့ … ကြမ္မာ မုန်တိုင်းက အရိုင်းဆန်ခဲ့ပြီလေ။ အဲဒါကြောင့် အမေ့ကို ဒီစကား ပြောလိုက်တာ ဖြစ်ပါတယ်။ သားအမိ နှစ်ယောက်တည်း ရှိတော့တယ်။ ကျွန်တော်ကလည်း အလုပ်လုပ်နိုင်တဲ့ အရွယ်။ အမေ့လုပ်စာ ထိုင်စားလို့ ဖြစ်နိုင်ပါ့မလား။ တချို့ ကျွန်တော်နဲ့ ရွယ်တူတွေဆို ရန်ကုန်မြို့ပေါ်ကို တက်ပြီး အလုပ်တွေတောင် လုပ်ကုန်ပြီ။ ကျွန်တော့်စကားဟာ ဘယ်ရှုထောင့်က တွေးတွေး မှန်ပါတယ်။ ဒါပေမဲ့ အမေက တူးတူးခါးခါး ငြင်းတယ်။

"နောက်နောင် အဲဒီလိုစကားမျိုး သမီးကို ပြောခွင့် မပေးတော့ဘူး။ သမီးလည်း ဝါသနာပါတယ်။ ပါရမီလေးကလည်း ရှိတယ်။ အမေ့တုန်းက မဖြစ်ခဲ့တဲ့ ဘောလုံးသမားကောင်း တစ်ယောက်အဖြစ် သမီးကြိုးစားပါ။ နိုင်ငံကို ကူညီတာ အမေ့ကို ကူညီတာပဲ"

ပိုက်ကွန်မှာမိနေတဲ့ ငါးတစ်ကောင်လို အမေ့စကားတွေက ကျွန်တော့်အတွက် မလူးသာမလွန့်သာ အမေစိတ်ချမ်းသာအောင် ခေါင်းညိတ်ပေးလိုက် ရပါတော့တယ်။

***

# အခန်း (၂)

"အမေ ... ပင်လယ်ထဲသွားဖို့ ကျွန်တော်အားလုံး အဆင်သင့် လုပ်ပေးထားတယ် ... သိလား"

ကျွန်တော်က အမေပင်လယ်သွားဖို့ အတွက် လိုအပ်တာတွေ အကုန်ပြင်ပေးထားတယ်။ မိုးကာ၊ ခမောက်ကအစ ထမင်းထုပ်အဆုံး။ အမေက မျက်နှာသစ်နေတယ်။ အခုမှ လူလားမြောက်တဲ့ ကလေးတစ်ယောက်ရဲ့ အကြည့်မျိုးနဲ့ ပတ်ဝန်းကျင်ကို အကဲခတ်နေတယ်။ ဟုတ်ပါတယ်လေ။ အမေ့ဘဝက အခုမှ တစ်ဖန် ပြန်မွေးဖွား လာသလိုပဲကိုး။

"မိုးရွာရင် မိုးကာ ခြုံထားနော်အမေ။ မိုးရေထဲ အလွတ်ကြီးမနေနဲ့"

အမေက မိုးရေချိုးရတာ အရမ်းသဘောကျကြောင်းကို အဖေပြောပြဖူးသလို ကျွန်တော်ကိုယ်တိုင်လည်း မြင်ဖူးတယ်။ မိုးတွင်းကာလ အဝတ်လျှော်ပြီဆို မိုးရွာမှ လျှော်တတ်လေ့ ရှိတယ်။ အဲဒီလို မိုးရေကြိုက်တဲ့ အမေဆိုတော့ ကျွန်တော်စိတ်ပူ ရပါတယ်။ "ဩော် ..... အဖေကတော့ လွတ်ကျွတ်သွားပြီ ပေါ့နော်"

အမေမကြား၊ ပတ်ဝန်းကျင်မကြား၊ ကျွန်တော်သာ ကြားနိုင်တဲ့ စကားလုံးတချို့ကို အတွေးထဲ ပစ်ထည့်လိုက်တယ်။ အဖေ့ကို အပြစ်တင်ခြင်းမျိုး မဟုတ်၊ အမေ့ကိုသနားလို့ ပြောလိုက်ခြင်းသာ ဖြစ်ပါတယ်။

"ကိုရီရေ ... မင်းအမေ အဆင်သင့်ဖြစ်ပြီလား။ သွားကြမယ်ဟေ့"

အမေ့မောင်အငယ်ဆုံး ဦးဇော်မြင့်နိုင်က အိမ်ရှေ့ကနေ လှမ်းအော်တယ်။

ဦးလေးက ကျွန်တော့်ကို ကိုရီလို့ ခေါ်နေကျ။ အဖေပေးထားတဲ့ ကျွန်တော့် နာမည်က မေရီဝင်း။ မိန်းကလေးဆန်တဲ့ နာမည်ပါပဲ။ ကျွန်တော်က ယောကျ်ားလေးလိုနေတော့ အားလုံးက ကိုရီလို့ ခေါ်ကြတယ်။ မေရီဝင်းဆို တဲ့ နာမည်အရင်းလည်း ရေပြင်မှာရေးတဲ့ အရုပ်လို ကြက်ပျောက် ငှက် ပျောက်။ အမေ့နာမည်က ဒေါ်အေးသန္တာ။ ဒါပေမဲ့ ဦးလေးအပါအဝင် မိသားစုတွေက အမေ့ကို ကိုကြီးအေးလို့ ခေါ်ကြတယ်။ အမေကလည်း ငယ် ငယ်က ကျွန်တော့်လို ယောကျ်ားတစ်ပိုင်းကိုး။ ဦးဇော်မြင့်နိုင်ဟာ အဖေရှိ တုန်းက အဖေနဲ့အတူ ပင်လယ် ပိုက်ချတယ်။ အခု အဖေမရှိတော့ အမေနဲ့။

"ခဏလေး ငဇော်ရေ ..."

အမေက အိမ်ထဲကနေ အလုပ်တွေ လက်စသတ်ရင်း လှမ်းပြောလိုက် တယ်။ အမေတို့ မောင်နှမ ပင်လယ်ဆင်းသွားရင် ကျွန်တော်ခြံထဲမှာ ဖြစ်ဖြစ်၊ အပြင် ဘောလုံးကွင်းလေးမှာ ဖြစ်ဖြစ် ဘောလုံးကန်လေ့၊ လေ့ကျင့်လေ့ ရှိတယ်။ အဲဒီလို ဘောလုံးလေ့ကျင့်တိုင်း အဖေ့မျက်နှာ၊ အ မေပင်ပင်ပန်းပန်း အလုပ်လုပ်နေရတဲ့ မျက်နှာတွေကို စိတ်ထဲမှာ အသေ ရိုက်သွင်းထားတယ်။ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဆိုသလို အမေက ကျွန် တော့်အတွက် အလုပ်လုပ်နေရတယ်။ ကျွန်တော်က အမေ့အတွက် အလုပ် လုပ်နေတယ်လို့ မှတ်ယူထားတယ်။ အရင်ကထက်ပို ကြိုးစားတယ်။ ရက် တွေ၊ လတွေ တရွေ့ရွေ့နဲ့ ကျော်လွန်လာတော့ အမေဟာ အဖေရှိတုန်းက ဒေါ်အေးသန္တာရုပ် မဟုတ်တော့ဘဲ တကယ့်ကို ယောကျ်ားရင့်မာကြီး တစ် ယောက်လို ဖြစ်သွားပါတော့တယ်။ ဒီလောက် လေဒဏ်၊ မိုးဒဏ်တွေကို ကြံ့ကြံ့ခံ တွန်းလှန်နေမှတော့ အမေ ပင်ပန်းပြီပေါ့။ ဒါပေမဲ့ အမေ ပင်ပန်း တာကို မကြည့်ရက်လို့ ကျွန်တော် အလုပ်လုပ်မယ်ဆိုတဲ့ အကြောင်းကို တော့ နည်းနည်းလေးမှ အာမခံ။

"ကိုရီရေ ... မင်းအမေ ငါ့အစ်မကတော့ လွန်တယ်ကွာ။ သူများတွေ ကမ်းပြန်ဝင်တာတောင် ငါ့မှာ ပင်လယ်ထဲမှာပဲ နေရတုန်း။ မင်းအဖေ ရှိတုန်းကမှ ငါ သက်သာပါသေးတယ်။ မင်းအပေါ် ဘယ်လောက်တောင် မျှော်လင့်ထားသလဲ ဆိုတာ သိသာတယ်"

ဦးလေးဦးဇော်မြင့်နိုင်က သူ့အစ်မရဲ့ အလုပ်လုပ်နိုင်ပုံ၊ ကျွန်တော့်ရဲ့ ရှေ့ရေးကို အများကြီး မျှော်လင့်ထားပုံတွေကို ပြောပြနေချိန်ဆို ကျွန်တော့်မှာ မျက်ရည်တာမကျိုးအောင် မနည်းထိန်းထားရပါတယ်။

"ဟုတ်ကဲ့ပါဦးလေး ... ကျွန်တော် ကြိုးစားပါ့မယ်"

***

## အခန်း(၃)

ကျေးရွာအုပ်စု ဘောလုံးပွဲတွေမှာ ကျွန်တော်ကန်ရင် အမေက လိုက်အားပေးတယ်။ ကျွန်တော်က ကွင်းထဲမှာကန်တယ်။ အမေကကွင်းပြင်ကနေ အားမလိုအားမရ လိုက်ကန်တဲ့ ဟန်ပန်မျိုးနဲ့အထိ လိုက်အားပေးတာ။ "ဟိုကောင် အရှေ့တက်တို့၊ ဟိုဘက်ကကောင် ရပ်မနေနဲ့ အနောက်ကိုပြန်ဆင်း ကူဦးတို့" စတဲ့ နည်းပြအလုပ်တောင် ဝင်လုပ်လိုက်တာ ရှိသေးတယ်။ မခေတဲ့ အမေပါ။ ရွာအနီးနားတစ်ဝိုက်မှာ ကျွန်တော်တို့သားအမိကို မသိတဲ့သူမရှိဘူး။ အမေ့ရဲ့ အရှိန်အဝါကြောင့် ကျွန်တော့်ကို လူပိုသိလာတယ်လို့လည်း ဆိုနိုင်ပါတယ်။

ကျွန်တော်မြို့နယ်အဆင့် ဘောလုံးပွဲတွေ ကန်ရပြီဆို အဖေရှိတုန်းကတော့ အမေက လိုက်အားပေးလေ့ရှိတယ်။ အခုတော့ အမေမလိုက်အားတော့ပါဘူး။ မိသားစု စားဝတ်နေရေးက သူ့ခေါင်းပေါ် ရောက်နေပြီကိုး။ ဒေးဒရဲမြို့နယ် အားကစားကွင်းကြီးထဲမှာ ကျွန်တော်ပါတဲ့ ကျုံဒါတ်ကျေးရွာအုပ်စု အသင်းနဲ့ အုန်းပင်ကျေးရွာအုပ်စု အသင်းတို့ နောက်ဆုံးဗိုလ်လုပွဲ ကစားရမယ့်အချိန်။ အမေလိုက်အားမပေးအားပေမဲ့ အမေ့ကိုစိတ်ထဲကနေ မှန်းပြီး ကန်တော့လိုက်တယ်။ ကျွန်တော်တို့ အသင်းသားတွေရဲ့ ညီညွတ်မှု၊ ကြိုးစားမှုတို့ကြောင့် အုန်းပင်ကျေးရွာအုပ်စု အသင်းကိုအနိုင်ရပြီး ဗိုလ်စွဲခဲ့ပါတယ်။ အသင်းသားတွေ ပျော်နေကြတယ်။

ဒီပွဲမျိုးမှာ အမေပါရင် ... ဘယ်လောက် ကောင်းလိုက်မလဲ။ ကျွန်တော်လည်း သူတို့လို ပျော်နေမိမှာ။ ကျွန်တော်အမေ့ကို သတိရစိတ်နဲ့ အပြည့်အ

ဝ မပျော်နိုင်ပါ။ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ကစားသမားဆုကို ကျွန်တော် ယူနေတာ အမေမြင်ရင် ဘယ်လောက်ဝမ်းသာ လိုက်မလဲ။ အမေ့ကို မြင်စေချင်လိုက်တာ။ ပျော်လို့လား၊ ဝမ်းနည်းလို့လား၊ ဝေခွဲမရတဲ့ မျက်ရည်တွေ မျက်ဝန်းထဲ ရစ်ဝဲနေတယ်။

"ကိုရီ ... မင်းအမေ ရောက်နေတယ်"

အသင်းသား တစ်ယောက်ဆီက ဒီစကားသံဟာ ကျွန်တော့် တစ်ကိုယ်လုံး စက္ကန့် အနည်းငယ်လောက် ထုံကျဉ်သလို ခံစားသွားစေပါတယ်။ ဝမ်းသာ စရာတစ်ခုခု ကြားလိုက်တာနဲ့ ကြက်သီးမွေးညင်းတို့က ကုန်းရုန်းထလာကြတယ်။

"ဘယ်မှာလဲ"

ကျွန်တော့်အသံက အလျင်လိုနေတယ်။

"ဟိုမှာ ... နည်းပြနဲ့ စကားပြောနေတယ်"

လူတွေကြားထဲကနေ အမေ့မျက်နှာကို လှမ်းမြင်ရတဲ့အချိန်ဟာ အရူးတစ်ပိုင်း မဟုတ်ပေမဲ့ ရင်ထဲမှာ ဝုန်းဒိုင်းကြဲသွား ပါတော့တယ်။ အမေက ကျွန်တော့်ကို လှမ်းကြည့်ပြီး ပြုံးပြတယ်။ ကျွန်တော့် အတွက်ဂုဏ်ယူတဲ့ အပြုံးဆိုတာ သိသာပါတယ်။ အမေ့ကို သတိရစိတ်၊ အခုမှ ပိုချစ်လာတဲ့ စိတ်တွေက အမေ့မျက်နှာကို မြင်တော့ မျက်ရည်အဖြစ် အသွင်ပြောင်းသွား ပါတော့တယ်။ ကျွန်တော်အမေ့ကို ပြေးဖက်လိုက်တယ်။ အမေ့ကိုယ်လေး ယိုင်ခနဲ ဖြစ်သွားတယ်။ အမေကလည်း ကျွန်တော့်ကို ပြန်ဖက်လို့။

"သမီး မေရီဝင်း ... ဆရာပြောတာ နားထောင်။ သမီးအမေကို ဒီနေ့ လိုက်လာခဲ့ဖို့ ဆရာတို့မှာလိုက်တာ"

နည်းပြဆရာပြောတဲ့ စကားတွေကို နားထောင်နေရင်း ကျွန်တော့်

လည်ပင်းက ဆုတံဆိပ်ကို အမေ့လည်ပင်းဆီ လွှဲပေးခဲ့တယ်။ အမေက ကျွန်တော့်ကို ပြန်နမ်းလိုက်တယ်။ တစ်ခုပေးလို့ တစ်ခုပြန်ရတာ ဆိုရင်တောင် ကျွန်တော်မြတ်ပါတယ်။

"ဟုတ်တယ် သမီးလေး။ သမီးဆရာခေါ်လို့ အမေလာခဲ့တာ။ သမီးကန်တဲ့ ပွဲတိုင်းကို လေ့လာနေတဲ့ မြို့နယ်လူကြီးတွေက သမီးကိုနိုင်ငံကိုယ်စားပြု လက်ရွေးစင်အသင်းမှာ လေ့ကျင့်ခန်းဆင်းဖို့ ရန်ကုန်ခေါ်သွားမယ်တဲ့"

"အမေ့ ..."

ကျွန်တော့်ရဲ့ အလိုမတူတဲ့အသံ ဖြစ်ပါတယ်။ ဝမ်းသာလွန်းလို့ ထွက်လာတာ မဟုတ်ဘူးဆိုတာ အမေအပါအဝင် အားလုံး သဘောပေါက်ကြပါတယ်။ ဟုတ်တယ်လေ။ အမေနဲ့ အခုမှတွေ့ရတယ်။ အခုပြန်ဝေးရဖို့ အကြောင်းဖန်လာတယ်။ ကျွန်တော့်စကား အသွားအလာကို ကြိုတင်တွက်ဆထားတဲ့ အမေက ကျွန်တော့်ကိုဘာစကားမှ ဆက်ပြောခွင့် မပေးပါ။ ကျွန်တော့် နှုတ်ခမ်းအစုံကို သူ့လက်ညှိုး တစ်ချောင်းတည်းနဲ့ ပိတ်လိုက်တယ်။

"ထပ်မပြောနဲ့တော့ သမီး။ အမေ့တုန်းက မရခဲ့တဲ့ အခွင့်အရေးကို သမီးရအောင်ယူပါ။ ဒီအလုပ်ကို တစ်လောကလုံးမှာ တစ်ယောက်တည်းကပဲ လုပ်နိုင်တယ်ဆိုရင် အဲဒီတစ်ယောက်က သမီးပဲ"

အမေ့စကားတွေက ကျွန်တော့်အတွက် တကယ့်ခွန်အားတွေပါ။ သူ့လက်ထဲမှာ မပွင့်ခဲ့တဲ့ပန်းကို ကျွန်တော့်ဆီမှာ ပွင့်စေချင်နေတယ်။ ကျွန်တော်လည်း ဒီအခွင့်အရေးကို လိုချင်နေတဲ့ သူတစ်ယောက်။ ဒီအချိန်မှာ အဖေရှိနေရင် ကျွန်တော် လွယ်လွယ်လေး ခေါင်းညိတ်ဖြစ်မှာ။ အခုတော့ အမေ့ကို စိတ်မချဘူး။ အခွင့်အရေးက တစ်ဖက် အမေကတစ်ဖက် တကယ့်ကို ရွေးရခက်ပါတယ်။

"သမီးအမေပြောတာ မှန်တယ်သမီး။ ဆရာတို့နယ်ဘက်ကနေ နိုင်ငံကိုယ်စားပြု လက်ရွေးစင် တစ်ယောက် ထွက်တယ်ဆို ဘယ်လောက် ဂုဏ်ယူစရာ ကောင်းမလဲ။ အဲဒီ လက်ရွေးစင်ကလည်း တစ်ချိန်က ဘောလုံးသမားဟောင်းကြီး ဒေါ်အေးသန္တာရဲ့ သမီးလေ။ စိတ်ကူးနဲ့တင် အတော်ကျေနပ်စရာ ကောင်းနေပါပြီကွယ်"

အမေ၊ ဆရာနဲ့ အသင်းသားတွေရဲ့ ဝိုင်းဝန်းအားပေးမှုက ကျွန်တော့်ကို လက်ရွေးစင် အသင်းဆီ ရောက်သွားစေခဲ့ပါတယ်။

***

## အခန်း (၄)

လက်ရွေးစင်အသင်းမှာ ကျွန်တော်က စိုးစိုးမြင့်ဆိုတဲ့ သူငယ်ချင်းတစ်ယောက်နဲ့ အတွဲများတယ်။ ကွင်းထဲမှာလည်း ရှေ့တန်း တိုက်စစ်မှူးတွေအဖြစ် သူနဲ့အတူ တွဲကန်ရတယ်။ အတွဲညီတယ်လို့ အမြဲ ချီးကျူးခံရလေ့ရှိတယ်။ စိုးစိုးမြင့်က သဘောကောင်းတယ်။ ကျွန်တော် အမေ့ကို သတိရလို့ အားငယ်နေချိန်တိုင်း သူ့ဘဝနဲ့ယှဉ်ပြီး နှစ်သိမ့်လေ့ရှိတယ်။

"ကမ္ဘာကြီးက နှစ်ဆယ့်သုံးနှစ်ပိုင်း တစ်ပိုင်းဒီဂရီ တိမ်းစောင်းတယ်တဲ့။ မင်းအမေက မင်းအပေါ်ကို အပြည့်အဝ တိမ်းစောင်းပေးတဲ့အမေပါ ကိုရီရာ။ ငါ့မိဘတွေနဲ့ အများကြီးသာပါတယ်"

စိုးစိုးမြင့် ကျွန်တော့်ကို အမြဲနှစ်သိမ့်နေတဲ့ စကား။ သူအဲဒီလို အားပေးစကားပြောတိုင်း "ကျေးဇူးတင်ပါတယ် ကိုစိုးရာ" ဆိုတဲ့ တစ်လုံးတည်းသော စကားနဲ့ ကျွန်တော် တုံ့ပြန်ပြောဆိုလေ့ ရှိတယ်။

ကိုစိုးကို သူတို့အိမ်က မိန်းကလေး တစ်ယောက်လိုပဲ နေစေချင်ကြတယ်။ အဲဒါကြောင့် မိသားစုက ကိုစိုးကို မိန်းကလေးအဖြစ် အမျိုးမျိုး ပုံသွင်းကြတယ်။ ကိုစိုးကလည်း ဘဝအဆက်ဆက် ပါရမီထူးကြောင့်လား မသိဘူး။ ယောကျ်ားလေးလိုပဲ အမြဲနေလေ့ရှိတယ်။ မိန်းကလေးဝတ် ထဘီတွေကို မိသားစုက ချုပ်ပေးရင် ကိုစိုးက အိမ်သာထဲသွား အထက်စင်ဖြတ်ပြီး ပုဆိုးလို လုပ်ဝတ်တယ်။ တစ်နေ့တော့ ကိုစိုးတို့မြို့ကို လက်ရွေးစင်အတွက် လူလာရွေးတယ်။ မိသားစုက ကိုစိုးကို အပြင်ပေးမထွက်ဘူး။ ကိုစိုးကလည်း ရအောင်ထွက်ပြီး အရွေးခံတယ်။ ပြီးတော့ ရန်ကုန်ပါလာတယ်။ အဲဒီအချိန်

ကစလို့ အခုချိန်ထိ သူ့မိဘတွေက ကိုစိုးကို မိသားစုဝင်အဖြစ် အသိအမှတ်မပြုတော့ကြောင်းကိုစိုးက မျက်ရည်တွေနဲ့ တစ်ခါပြောပြလို့ ကျွန်တော့်မှာ ဘာမဆိုင်ညာမဆိုင် ရောပြီး ငိုလိုက်ရသေးတယ်။ ဒီလိုဆိုတော့လည်း မိန်းကလေးဆိုတာ မိန်းကလေးလိုပဲ နေရမယ်ဆိုတဲ့ ရိုးရာ အစဉ်အလာတွေထက် ကျွန်တော့်ကို အားပေးထောက်ခံ ခဲ့ကြတဲ့ ကျွန်တော့်မိဘ၊ ဆရာသမားတွေနဲ့ နယ်ကလူတွေကို ကျေးဇူးတင်ရပါတယ်။

နိုင်ငံတကာပွဲတွေ ဆက်တိုက်ကန်နေရတော့ လေ့ကျင့်ခန်းတွေ အဆက်မပြတ် ဆင်းနေရတယ်။ နည်းပြက အသင်းသားအားလုံးရဲ့ ဖုန်းတွေကို သိမ်းထားတယ်။ ဖုန်းသုံးခွင့်တောင် မပေးဘူး။ အဲဒါကြောင့် ဒီလအတွင်း အမေ့ဆီ ဖုန်းတောင် မဆက်ဖြစ်ဘူး။ ဒါပေမဲ့ အမေ့ကိုတော့ ကျွန်တော်နေ့တိုင်း သတိရတယ်။ ဘောလုံးကန်ဖို့ကွင်းထဲ ဝင်လာတိုင်း ကျွန်တော့်အတွက် နေ့စဉ်နဲ့အမျှ အပင်ပန်းခံရတဲ့ အမေ့ကို ကန်တော့တယ်။ ဒီရက်ထဲမှာ အမေ့ကို ဘာလို့ပိုလွမ်းနေသလဲ မသိဘူး။ နီးရင်ပြေးပြီး သွားချင်စိတ်တွေတောင် ပေါက်တယ်။ အခုကန်ရမယ့်ပွဲက အရမ်းအရေးကြီးကြောင်း နည်းပြကမှာတယ်။ ထိုင်းနဲ့ ဗိုလ်လုပွဲကန်ရမှာ။ နည်းပြမပြောလည်း ဒီပွဲဘယ်လောက် အရေးကြီးသလဲ ကျွန်တော်တို့ သိပါတယ်။ ဒါပေမဲ့ တကယ်တမ်း ကွင်းထဲမှာ ဘောလုံးကန်တော့ ကျွန်တော့်စိတ်တွေ အမေ့ဆီ ရောက်နေတယ်။ တက်တက်ကြွကြွ မရှိဘူး။ ဘောလုံးကန်ရတာ စိတ်မပါဘူး ဖြစ်နေတယ်။ ပရိသတ်ထဲက "ကိုရီရေ ..." လို့အမေ ခေါ်လိုက်သလိုအသံ တစ်ချက်တစ်ချက် ကြားနေသယောင် ထင်ရတယ်။ အဲဒါကြောင့် ကျွန်တော့်အကြည့်တွေက ပရိသတ်ဘက်ကို မကြာခဏ ရောက်နေတယ်။ တိုက်စစ်အတွဲဖြစ်တဲ့ စိုးစိုးမြင့်နဲ့လည်း အချိတ်အဆက် မမိတော့ဘူး။ ကွင်းထဲမှာ ကျွန်တော်ဟာ လူပိုတစ်ယောက်လို ဖြစ်နေတယ်။

နည်းပြက မိနစ် ခြောက်ဆယ်လောက် အရောက်မှာ ကျွန်တော့်ကို လူစားလဲခဲ့တယ်။ ပွဲအပြီးမှာ နှစ်ဂိုးတစ်ဂိုးနဲ့ ကျွန်တော်တို့ ရှုံးခဲ့တယ်။

"ကိုရီ … မင်းကို နည်းပြခေါ်နေတယ်"

စိုးစိုးမြင့် လာပြောတော့ ကျွန်တော် နည်းပြဆီ တဖြည်းဖြည်းချင်း လျှောက်သွားခဲ့တယ်။ ကျွန်တော့်ကို နည်းပြ ဆူတော့မယ်ဆိုတာ သိနေတယ်။ ခေါင်းကို အောက်စိုက်ပြီး နည်းပြရှေ့မှာ ရပ်နေလိုက်တယ်။ ဆူချင်သလောက်သာ ဆူပါတော့ဆိုပြီး အပြစ်ရှိတဲ့ ကလေးငယ် တစ်ယောက်လို အဆူခံဖို့ အဆင်သင့်။

"မေရီဝင်း သမီး အခုရွာပြန်ပါ။ သမီးအမေ ဆုံးပြီတဲ့"

"ဗျာ"

မျှော်လင့်မထားတဲ့ သတင်းနဲ့အတူ ကျွန်တော့်စိတ်တွေ ကယောင်ချောက်ချား ဖြစ်ကုန်တယ်။ ကျွန်တော် ကြမ်းပြင်ပေါ် ပုံလျက်သား လဲကျသွားသလား။ ကျွန်တော် မသိတော့ပါဘူး။ ရှိုက်ကြီးတငင် ငိုကြွေးပြီး ဘယ်ပြေးလို့ ပြေးမှန်းမသိ ကျွန်တော် ပြေးနေမိတယ်။ တကယ့်ကို အရူးမီးဝိုင်းနေတဲ့ ကျွန်တော်ပါ။ စိုးစိုးမြင့်က ကျွန်တော့်ကို ထိန်းရင်း ရွာကို လိုက်ပို့ပေးတယ်။

"တပေါင်းသာခေါင် လများနှောင်"တဲ့။ တပေါင်းလဆိုတာ မြန်မာလများထဲမှာ ရက်စုံဖြစ်တယ်လို့ သိမှတ်ဖူးတယ်။ ဒါပေမဲ့ အဲဒီရက်စုံတဲ့ လထဲမှာပဲ ကျွန်တော့်ဘဝ မစုံမလင် ဖြစ်ခဲ့ရတယ်။ မိန်ရာသီရဲ့ အရပ်ဟာ ငါးနှစ်ကောင်ဖြစ်ပေမဲ့ ကျွန်တော်ကတော့ အမိမဲ့သား ရေနည်းငါးဘဝ။ တစ်ကောင်ကြွက် တစ်မျက်နှာ ဖြစ်ခဲ့ရပါပြီ။ ဘယ်လောက် ပီပြင်တဲ့ နွေပဲဖြစ်ဖြစ် ကျွန်တော့်ရင်ထဲက အပူကိုတော့ မီမှာမဟုတ်ပါဘူး။ မျက်ရည်များနဲ့ ရစ်ဝဲပြည့်လျှံနေတဲ့ မျက်ဝန်းကို အားပြုပြီး အသက်ဝိညာဉ်နဲ့အတူ ကျွန်

တော့်ကိုပါ စိတ်ချလက်ချ စွန့်ခွာသွားတဲ့အမေ့ကို ကြည့်လိုက်တယ်။ အပူအပင် ကင်းသွားတဲ့အမေ။ ကိလေသာကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့တဲ့ သူတော်စင် တစ်ယောက်လို ပြုံးလို့။ ဝင်းပလို့။ သေမှလှတဲ့သူကို သေပန်းပွင့်တယ်လို့ ခေါ်လား။ ကျွန်တော့်ကို လုံးဝစိတ်ချသွားပြီဖြစ်တဲ့ အမေ့ရုပ်သွင်ဟာ သေပန်းပွင့်သွားပါပြီ။ ငြိမ်းအေးတဲ့ သံသရာဘက်ကမ်းကို ရောက်သွားတော့မယ့် အမူအရာက အမေ့မျက်နှာမှာ ထင်းနေတယ်။ တကယ်တမ်း မငြိမ်းချမ်းတာက ကျွန်တော်။ ခက်တယ်အမေ သံယောဇဉ်ဆိုတာ ဝင်လာတုန်းက မသိသာပေမဲ့ ပြန်ထွက်သွားရင်တော့ ရင်ဘတ်တစ်ခုလုံးကို ခါယမ်းသွားတဲ့အမျိုး။ ကျွန်တော် တစ်ယောက်တည်းယောင်လည်လည်နဲ့ လျှောက်ရတော့မှာလား အမေ။ မင်္ဂလာဆောင်တုန်းက တစ်ခါပဲ ထုတ်ဝတ်ဖူးတဲ့ ပါတိတ်ဝမ်းဆက်လေးကို လွှမ်းလို့။ ယောကျ်ားတစ်ပိုင်း ဖြစ်နေတဲ့ အမေဟာ အခုမှ မိန်းမဆန်ဆန် လှနေလိုက်တာ။ နတ်သမီးလေးလား အမေရယ်။ သနပ်ခါးနံ့လေးကလည်း သင်းနေတာပဲ။ တကယ်တော့ ဘယ်လောက် ယောကျ်ားလေးလိုနေနေ မိန်းမသားဟာ မိန်းမသားပါပဲအမေ။ အမေ့ရဲ့ယောကျ်ား အရင့်အမာကြီးလို ကျွန်တော့်အပေါ် ကျွေးမွေးပြုစုခဲ့တာတွေ၊ အပင်ပန်းခံ မျှော်လင့်ခဲ့တာတွေကို ပြန်မြင်ယောင်လာပြီ။ ကျွန်တော် မိန်းမဆန်ဆန်ပဲ ငိုကြွေးလိုက်ပါတယ်။ မြေမှုန့်ခါနီးလေ ပစ်ရက်စရာမရှိ လှလေဖြစ်တဲ့ အမေ့ကို ကျွန်တော် အင်မတန်နှမြောပါတယ်။

"အမေ ... အမေဟာ ကျွန်တော့်အတွက်တော့ အဖေလိုရော အမေလိုပါ တာဝန်ကျေခဲ့တဲ့သူပါ။ အမေ ... ကျွန်တော့်ကို ထကြည့်ပါဦးအမေရာ ...။ အမေ ... စကားလေး တစ်ခွန်းလောက်တော့ ပြောပါဦးအမေရာ ...၊ အမေ ... ထပါဦးအမေရာ ..."

၂၀၁၉ အောက်တိုဘာ (ရွှေအမြုတေမဂ္ဂဇင်း)

***

## မေတ္တာစေညွှန်းရာ

## အခန်း (၁)

သင်္ချာသီအိုရီအရ Base တူရင် Power ချင်း ပေါင်းလို့ရတယ်လို့ သင်ခဲ့ဖူးတယ်။ လူတစ်ယောက်ဟာ ကမ္ဘာမြေကြီးပေါ် ရောက်လာခဲ့တာ ထမင်းစားဖို့ပဲလား။ အလုပ်လုပ်ဖို့ပဲလား။ ဝတ်ကောင်းစားကောင်းတွေဝတ်ဖို့ စားဖို့ပဲလား။ ဖုန်းသုံးဖို့ပဲလား။ ဈေးဝယ်ဖို့ သက်သက်ပဲလား။ လူတချို့မှာ မွေးရာပါ ကိုယ်ကျင့်တရားနဲ့ ကိုယ်ချင်းစာတရားတွေ ပါမလာကြဘူး။ အခြေခံလူတန်းစားချင်းအတူတူ စာနာစိတ်တွေ၊ ကိုယ်ကျင့်သီလတွေ စတဲ့ Power တွေ ပေါင်းထည့်ဖို့ လူတချို့ရဲ့ နှလုံးသားတွေဟာ မလှုပကြဘဲ အရိုင်းဆန်ကြပြီဆိုရင် သူတို့ရဲ့ သားကောင်ကလေးတွေ ဖြစ်သွားရရှာတဲ့ မြေစာပင်တွေဟာ သူတို့ပြုသမျှ နုကြရပါတော့တယ်။ အဲဒီလို အခါမျိုးကျရင် စတေးခံ မြေစာပင်လေးတွေဟာ ပတ်ဝန်းကျင်ရဲ့ တုံ့ပြန်မှုကို သဘောကျသည်ဖြစ်စေ၊ သဘောမကျသည် ဖြစ်စေ မျက်ရည်စမ်းစမ်းနဲ့ လက်ခံကြရတော့တာပါပဲ။ ကျွန်မ အဖြစ်ကလည်း အဲဒီလိုမျိုးပါပဲ။ တဲအိမ်လေးထဲကနေလက်ထိတ်တန်းလန်းနဲ့ ထွက်လာတဲ့ ကျွန်မကို လူတွေမဆိုထားနဲ့ ကျူးလိုနာမည်တွင်တဲ့ ရပ်ကွက်ထဲက မြက်ပင်ရိုင်းလေးတွေတောင် သနားချင်သနားကြလိမ့်မယ်။ သနားချင်မှလည်း သနားကြလိမ့်မယ်။ ဒီရလဒ်ဟာကျွန်မသမိုင်းထဲက နောက်ဆုံးစာကြောင်း ဆိုရင်တောင် သမီးလေးအတွက်ဖြစ်လာတာမို့ ကျွန်မ ကျေနပ်ပါတယ်။ ကျွန်မကို ဘယ်ညာရံပြီး ရဲမေနှစ်ယောက်က တွဲခေါ်လာတယ်။ ရပ်ကွက်လူကြီး တချို့နဲ့ ရဲသားတချို့က

အလောင်းကို ဆေးရုံပို့ဖို့ အလုပ်ရှုပ်နေကြတယ်။ ကျူးကျော်ရပ်ကွက် သေးသေးလေးရဲ့ လမ်းကျဉ်းကျဉ်းလေးထဲမှာ ရဲကား၊ လူနာတင်ကား၊ တာဝန်ရှိလူများ၊ ရပ်ကွက်နေလူများ စတာတွေနဲ့ ရှုပ်နေတယ်။ တစ်ယောက်တစ်ပေါက် အသံတွေနဲ့လည်း ဆူညံပွက်လောရိုက်နေတယ်။ ကျွန်မရဲကားပေါ် တက်သွားခဲ့တယ်။ ပြီးတော့ တစ်ချိန်လုံး ခေါင်းငုံ့ထားရာကနေ လူအုပ်ကြီးကို လှမ်းကြည့်လိုက်တယ်။ ကျွန်မနဲ့ဘဝတူ စျေးရောင်းကြတဲ့ မကုလားမတို့၊ မအေးမြင့်တို့က မျက်ရည်လေး တစို့စို့နဲ့ ကျွန်မကို ကြည့်နေကြတယ်။

"ကလေးအတွက် စိတ်မပူနဲ့နော် ညီမလေး" ဆိုပြီး မအေးမြင့်က ကျွန်မကို လှမ်းပြောလိုက်တယ်။

ကလေးဆိုတဲ့ အသံကြားလိုက်ရမှ ကျွန်မမျက်ရည်တွေက တာကျိုးရေလို ပြိုကျလာပါတော့တယ်။

"ဘာမှမပူနဲ့ ယုရေ ညည်းနဲ့အတူ ငါတို့ တစ်ရပ်ကွက်လုံးရှိတယ်"

သိပ်ကို အားရကျေနပ်စရာ ကောင်းတဲ့ စကားတစ်ခွန်းကို မကုလားမက ကျွန်မနားစည်ထဲကို ပစ်သွင်းလိုက်တယ်။

"ညည်းက ငါတို့ရပ်ကွက်ရဲ့ စံပြမိခင် ဖြစ်နေမှာပါ"

ဘယ်လောက်ကောင်းတဲ့ အားပေးစကားတွေ ဖြစ်နေပါစေ ကျွန်မရဲ့ မျက်ရည်တွေကိုတော့ ထိန်းပေးနိုင်မှာ မဟုတ်ပါဘူး။ မျက်ရည်တို့က တသွင်သွင်။ ကျွန်မကို တင်ဆောင်သွားတဲ့ ရဲကားဟာ ကျွန်မတို့ ရပ်ကွက်နဲ့ ဝေးလာလေလေ မြို့နယ်ရဲစခန်းနဲ့ နီးလာလေလေပါပဲ။ လှိုင်သာယာမြို့မရဲစခန်းဟာ ခြံဝင်းကြီးကျယ်သလောက် အဲဒီခြံဝင်းကြီးထဲ ရောက်လာတဲ့ ကျွန်မစိတ်တွေဟာ ကျဉ်းကျပ်နေတယ်။ စခန်းထဲရောက်တော့ စားပွဲတစ်ခုရှေ့မှာ ကျွန်မကို ထိုင်ခိုင်းတယ်။ ကျွန်မနဲ့ မျက်နှာချင်းဆိုင်မှာ ရဲသားကြီး

တစ်ယောက် ထိုင်နေတယ်။ သူ့ယူနီဖောင်းပေါ်က အပွင့်တွေ အခက်တွေဟာ ဒီမြို့နယ် ရဲစခန်းမှာတော့ သူဟာ အကြီးဆုံးပဲဆိုတာ ညွှန်ပြနေသလိုပါပဲ။ အဲဒီနောက် ရဲသားကြီးဟာ စားပွဲပေါ်က ခွက်ထဲမှာ ထောင်ထားတဲ့ ဘောလ်ပင်တစ်ချောင်းကို ယူလိုက်တယ်။ ပြီးတော့ သူ့ရှေ့က စာအုပ်ထူထူကြီး တစ်ခုကို လှန်လိုက်တယ်။ အဲဒီနောက် ကျွန်မကို သေချာကြည့်လိုက်တယ်။

"နာမည် ဘယ်လိုခေါ်လဲ"

"ယုယုပါ"

"အသက်ကရော"

"သုံးဆယ့်ငါးနှစ်ပါ"

"အဖေနာမည် ဘယ်လိုခေါ်လဲ"

ဒီနာမည်အတွက် ကျွန်မ ဘဲဥတစ်လုံးလို အစရှာရပါဦးမယ်။

***

## အခန်း (၂)

လွန်ခဲ့တဲ့ သုံးဆယ့်ငါးနှစ်လောက်က ကျွန်မကို အမေဒေါ်အုန်းကြည်က ဒေးဒရဲမြို့နယ်ရဲ့ အောက်ဘက်ရွာလေး တစ်ရွာမှာ မွေးခဲ့တယ်။ ကျွန်မ လူမှန်းသိတတ်စ အရွယ်ရောက်တော့ "အဖေဘယ်သူလဲ။ အဖေ့နာမည် ဘယ်လိုခေါ်လဲ"လို့ အမေ့ကို မေးကြည့်ခဲ့ဖူးတယ်။ "သေပြီ။ သေတဲ့သူရဲ့ နာမည်ကို သိစရာလိုလို့လား။ ကိုယ့်ဘဝရဲ့ ရှေ့ရေးကိုပဲ ကိုယ်တွေး" ဆိုတဲ့ အမေ့ရဲ့ တုံ့ပြန်မှုကိုသာ ရခဲ့တယ်။ အဲဒီစကားတွေကိုပဲ အဖေ့အကြောင်း မေးတိုင်း ထပ်ခါထပ်ခါ ရိုက်သွင်းခံခဲ့ရတယ်။ ရွာက ရှေ့မီနောက်မီ လူကြီး တွေကို မေးကြည့်တော့လည်း အမေက ဒီရွာဇာတိ မဟုတ်ကြောင်း၊ ဒီရွာ ကိုရောက်လာတော့ ကိုယ်ဝန်ကြီးနဲ့ ဖြစ်ကြောင်း လောက်ပဲ သိခွင့်ရခဲ့ တယ်။

တချို့ မိန်းမကြီးတွေက "ညည်းကို ညည်းအမေက လင်ကောင် မပေါ်ဘဲ မွေးတာ"လို့ သာသာထိုးထိုး နှိမ်ကြသေးတယ်။ ငယ်ရွယ်ချိန်မှာ သတိမပြုမိ ပေမဲ့ အခုလို ကိုယ်တိုင် မိခင်တစ်ယောက် ဖြစ်လာတဲ့ အချိန်ကျမှ အမေ့ မေတ္တာကို နားလည်လာခဲ့တယ်။ အမေက ကျွန်မ လူ့ပြည်ကို ရောက်လာနိုင် ဖို့ မိစွန့်၊ ဖစွန့်၊ ဇာတိချက်ကြွေကိုစွန့်၊ ဆွေမျိုးတွေကိုစွန့်ပြီး သူနဲ့မရင်းနှီးတဲ့ ရွာတစ်ရွာမှာ ဇာတ်မြှုပ်နေခဲ့ရတယ်။

အဲဒီလိုဘဝကို ခဲခဲယဥ်းယဥ်း ရုန်းကန်ခဲ့ရတဲ့ အမေဟာ လောကဓံ ရိုက်ချက်တွေကြောင့်ပဲ ... ကျွန်မအသက် ၂၀ လောက်မှာ ကွယ်လွန်သွားခဲ့ တယ်။ အမေ့ကိုပဲ အားကိုးနေရတဲ့ ကျွန်မဟာ အမေမရှိတော့တဲ့

နောက်ပိုင်း အဲဒီရွာမှာ ဆက်မနေတော့ဘဲ ရန်ကုန်မြို့ပေါ်တက်ပြီး အထည်ချုပ်စက်ရုံ တစ်ခုမှာ အလုပ်လုပ်ခဲ့တယ်။ အဆောင်နေအလုပ်သမ တစ်ယောက်အနေနဲ့ အဆင်ပြေလှတယ် မဟုတ်ပေမဲ့ သင့်သင့်တင့်တင့်တော့ နေနိုင်ပါတယ်။ အထည်ချုပ်စက်ရုံမှာ အလုပ်လုပ်ရင်း တစ်စက်ရုံတည်းက ဖယ်ရီကားမောင်းတဲ့ ကိုထွန်းနဲ့ အိမ်ထောင်ပြုခဲ့တယ်။ မကြာခင် နှစ်အတွင်းမှာပဲ ကျွန်မတို့ ဇနီးမောင်နှံရဲ့ ဘဝထဲကို ချစ်စုဆိုတဲ့ ချစ်စရာဆည်းလည်းလေး တစ်ခု အသံသာသာနဲ့ မြည်ပြီး ဝင်လာခဲ့တယ်။

ကျွန်မတို့ ဇနီးမောင်နှံ ကြိုးကြိုးစားစား ရှာဖွေ စုဆောင်းနိုင်ခဲ့လို့ အများက သတ်မှတ်ထားတဲ့ ကျူးလို့ခေါ်တဲ့ ရပ်ကွက်သေးသေးလေးမှာ အိမ်သေးသေးလေး တစ်လုံး ပိုင်ဆိုင်ခွင့်ရခဲ့တယ်။ သိကြတဲ့ အတိုင်းပဲလေ၊ ရန်ကုန်မြို့ဆိုတာ အလုပ်ပေါပေမဲ့ နေစရာရှားတယ် မဟုတ်လား။ အဲဒါကြောင့် အိမ်ပိုင်လေးနဲ့ နေရတော့ ကျွန်မတို့ သိပ်ပျော်ခဲ့ရတယ်။ နွေဆိုရင် ဖုန်ထူထူ၊ မိုးဆိုရင် ဗွက်ပေါပေါ၊ ရာသီခွင်အလိုက် မသတီစရာကောင်းတဲ့ ... ကျူးရပ်ကွက် ကလေးဆိုပေမဲ့ ကိုယ့်အိမ်ကိုယ့်မြေလေးနဲ့ နေခွင့်ရတာမို့ အတိုင်းမသိ ပျော်ရပါတယ်။ ကိုယ်ဝန် ရင့်ကတည်းက နေပြီး ကလေးမွေးတဲ့အထိ ကျွန်မက အလုပ်နားလိုက်ရတယ်။ အဲဒီတော့ ကိုထွန်းတစ်ယောက်တည်းရဲ့ ဝင်ငွေနဲ့ လောက်ငအောင် သုံးစွဲရတော့တာပေါ့။ ကိုထွန်းကလည်း အရက်၊ ကွမ်း၊ ဆေးလိပ်၊ လောင်းကစား ဘာတစ်ခုမှမလုပ်တဲ့ ရှားပါးယောကျ်ား။ အဲဒါကြောင့် သူရသမျှဝင်ငွေ ကျွန်မကို အကုန်အပ်တယ်။ သမီးကလေး နို့ပြတ်တဲ့ အချိန်မှာတော့ ကျွန်မလည်း ဈေးထဲမှာ မကုလားမတို့နဲ့အတူ ငါးလေးနည်းနည်းပါးပါး ရောင်းတယ်။ မိသားစုလိုဖြစ်နေကြပြီဖြစ်တဲ့ မကုလားမတို့က သမီးလေးကို ဝိုင်းပြီး စောင့်ရှောက်ကြတယ်။ ကိုထွန်းက အလုပ် မလုပ်ခိုင်းပေမဲ့ ကျွန်မက လုပ်ချင်တာရယ်၊ မ

ကုလားမတို့ကလည်း ဝိုင်းပြီးပြောပေး တာရယ်ကြောင့် ဈေးရောင်းခွင့်ရခဲ့တယ်။ ကလေးတစ်ဖက်နဲ့ ဆိုတော့ လက်မတွင်ခဲ့ပါဘူး။ အဲဒီလို အခါကျရင် ကျွန်မနဲ့ ဘေးချင်းကပ်မှာ ဈေးရောင်းနေကြတဲ့ မကုလားမပဲဖြစ်ဖြစ်၊ မအေးမြင့်ပဲဖြစ်ဖြစ် ဝိုင်းကူရောင်းပေးကြတယ်။

ကံဆိုးမသွားရာနောက်ကို မိုးပဲလိုက်ရွာတာ။ ကျွန်မသွားတဲ့ နောက်ကို မုန်တိုင်းပါ လိုက်တိုက်နေသလား။ ဒါမှမဟုတ် မုန်တိုင်းတိုက်တဲ့ အရပ်ကိုမှ ကျွန်မက ရွေးပြီးသွားမိနေသလား မသိ။ မုန်တိုင်းဟာ ကျွန်မကို အင်မတန် သံယောဇဉ်ကြီးပြီး ကျွန်မနဲ့ ကပ်လျက်မှာ အမြဲရှိနေခဲ့ပါတယ်။ ကိုထွန်းမောင်းလာတဲ့ကား မတော်တဆဖြစ်လို့ ကိုထွန်း အသက်ဆုံးရှုံး ခဲ့ရပြီတဲ့။ ကျွန်မ ဈေးရောင်းနေတဲ့ နေရာအထိ ဦးကျော်မြင့်က လာပြောတယ်။ ကျွန်မ မြင်းမိုရ်တစ်ခြမ်း ပဲ့ကျသွားသလိုပါပဲ။ အရှုံးတစ်ပိုင်း မဟုတ်ပေမဲ့ ရင်ထဲ ဝုန်းဒိုင်းကြဲပြီး ကျန်နေခဲ့ရပါတယ်။ ကျွန်မ ရက်အတော်ကြာ ဆောက်တည်ရာမဲ့ခဲ့တယ်။ ကိုထွန်းဟာ ကျွန်မကို ခင်ပွန်းကောင်း တစ်ယောက်လိုရော၊ အဖေကောင်း တစ်ယောက်လိုပါ ချစ်ခြင်းမေတ္တာတွေ အစုလိုက်အပြုံလိုက် ပေးခဲ့သူပါ။

ကျွန်မ ဘယ်လိုလုပ် ဖြေဆည်နိုင်မှာတဲ့လဲ။ "အဖေ"ဆိုတဲ့ စကားလုံး ပါးစပ်ဖျားက ထုတ်ပြောလိုက်ဖို့ လွယ်ပါတယ်။ အဲဒီစကားလုံးကို ကြားနာ လက်ခံပေးမယ့် လူတစ်ယောက်ပဲ လိုတာပါ။

ကျွန်မတုန်းက အဖေ ဘယ်သူဘယ်ဝါမှန်း မသိခဲ့ရပါဘူး။ အခုသမီးလေးကျ ပြန်တော့လည်း လူဖြစ်မယ် မကြံရသေးဘူး အဖေမဲ့ခဲ့ရပါပြီ။ ဘဝမှာ လူဖြစ်ရတာ လွယ်ပါတယ်။ သေရတာ ပိုတောင် လွယ်ပါသေးတယ်။ အဲဒီနှစ်ခုကြားမှာ အသက်ရှင်နေပြီး အဖေခေါ်ခွင့် မရတာသာ ခက်ခဲတာပါ။ ကျွန်မဘဝအတွက်တော့ ဒီလိုပဲ သုံးသပ်တယ်။

***

## အခန်း (၃)

ဘဝတစ်ခုကို မိခင်ဆုံးပါးသွားပြီးနောက် ရိုးရိုးသားသား ခက်ခက်ခဲခဲ တည်ဆောက်လာခဲ့ရတယ်။ ပျော်ရွှင်တဲ့ မိသားစုဘဝလေး ရလာတော့ အကြာကြီးပျော်ရမယ် ထင်ခဲ့တယ်။ အခုလို သားအမိနှစ်ယောက်တည်း အထီးကျန်ဆန်ဆန် နေရမယ်လို့ ဘယ်လိုမှ မတွေးထားမိဘူး။ အခုတော့လည်း ဘယ်တတ်နိုင်မလဲ။ ကိုယ်နဲ့ခင်ရင် ကိုယ့်ကိုချစ်ရင် ကိုယ့်ဆွေမျိုးပေါ့။ ဘဝတူဈေးရောင်းကြတဲ့ မကုလားမတို့၊ မအေးမြင့်တို့ကိုပဲ မိသားစုလို သဘော ထားရတော့တယ်။ သူတို့ကလည်း ကျွန်မတို့မိသားစုကို ချစ်ကြပါတယ်။ ဂရုစိုက်ကြပါတယ်။ ကျွန်မကလည်း ကူညီတယ်။ လူအား၊ ငွေအား စတာတွေနဲ့ပေါ့။ ကျွန်မတို့ ကျူးရပ်ကွက် ကလေးကနေ ဈေးကိုသွားတဲ့ လမ်းလေးက နွေရာသီဆို သွားလို့ အဆင်ပြေပေမဲ့ မိုးရာသီဆို ရွှံ့တွေနဲ့ သွားရတာ အင်မတန် ဆိုးရွားပါတယ်။ ကျွန်မ ဦးဆောင်ပြီး ဒီလမ်းလေးပြင်ဖို့ ရပ်ကွက်လူကြီးကို အကြံပေးခဲ့တယ်။ ကျွန်မ လုပ်ရပ်ကိုအများကသဘောတူကြတော့ ဒီကျူးလမ်းလေးကို ကွန်ကရစ်ခင်းဖို့ ငွေစုကြ၊ အလှူခံကြပေါ့။ အဲဒါကြောင့် ဒီကျူး ရပ်ကွက်ကလေးဟာ ကျွန်မနဲ့ တဖြည်းဖြည်းတစ်သားတည်း ဖြစ်လာခဲ့တယ်။ ဇာတိချက်ကြွေလို ရင်းနှီးလာခဲ့တယ်။ ရပ်ကွက်ထဲမှာ အမေယုယုနဲ့ သမီးချစ်စုဆိုရင် မသိသူမရှိ။ အားလုံးက ချစ်ကြတယ်။ အဲဒီလိုနဲ့ ကျွန်မကဈေးထဲမှာ ငါးရောင်း၊ ကျောင်းနေအရွယ်သမီးလေးက ကျောင်းတက်ပေါ့။ ကျွန်မတို့သားအမိဟာ ခင်ပွန်းမရှိတော့တဲ့ နောက်ထပ် ဘဝတစ်ခုမှာ ပျော်ပျော် နေနေရတယ်။

သမီးလေး ကျောင်းအကြိုအပို့ ကိစ္စကို လမ်းထိပ်က ဆိုက်ကားနင်းတဲ့ မျိုးအေးက တစ်ရက် နှစ်ရာကျပ်နဲ့ တာဝန်ယူတယ်။ တစ်လပြည့်တော့ ကျွန်မက ခြောက်ထောင်ကျပ် ရှင်းပေးပေါ့။ ပိုက်ဆံပေးရတယ် ဆိုပေမဲ့ သမီးလေးကို အကြိုအပို့ လုပ်ပေးမယ့်သူ ရှိတော့ ကျွန်မလည်း စိတ်အေးရတယ်။ နောက်ကြောင်း အေးအေးနဲ့ ဈေးရောင်းလို့လည်း ရတာပေါ့။ လုပ်စရာရှိတဲ့ အလုပ်တွေ လုပ်ကြတယ်။ ညနေဈေးကိုတော့ ညနေသုံးနာရီလောက်မှာ ပြန်ခင်းရောင်းကြတယ်။ ကျွန်မကတော့ နေ့လယ်အိမ်ပြန်ရောက်တာနဲ့ သမီးလေးကျောင်းက ပြန်မရောက်ခင်အထိ အဝတ်လျှော်တာ၊ ရေဖြည့်တာတွေ လုပ်တယ်။ ဆယ့်နှစ်နာရီ ကျောင်းပြန်လွှတ်လာတဲ့ သမီးရောက်လာတော့ ကျွန်မတို့သားအမိ နေ့လယ်စာ ထမင်းလက်စုံ စားကြတယ်။ ညနေ သုံးနာရီလောက်ကျတော့ ကျွန်မက ဈေးပြန်ခင်းတယ်။ သမီးလေးက အိမ်မှာစာကျက် ကျန်ခဲ့တယ်။ တစ်ခါတလေ အိမ်နီးနားချင်း ကလေးတွေနဲ့ ကစားလေ့ရှိတယ်။ ဒီလိုနဲ့ ကျွန်မတို့သားအမိဟာ အတိတ်က စိတ်မကောင်းစရာတွေကို အတိတ်မှာပဲ မေ့မေ့ပျောက်ပျောက် ထားခဲ့ကြတယ်။

ကျွန်မဈေးရောင်းတဲ့ ကာလတစ်လျှောက်လုံးမှာ ဒီနေ့ဟာ ဈေးရောင်းအကောင်းဆုံးနေ့ ဖြစ်ပါတယ်။ ကျွန်မတစ်ယောက်တည်း ရောင်းကောင်းတာမဟုတ်။ တစ်ဈေးလုံး ရောင်းကောင်းကြတာ။ အဲဒါကြောင့် မနက်ဈေးကတည်းက ညနေအတွက် ရောင်းဖို့ငါးတွေတောင် ကုန်ခါနီးဖြစ်ခဲ့တယ်။ အဲဒါကြောင့် ညနေဈေးကျမှ ပြန်ထွက် ရောင်းမနေတော့ဘဲ တစ်ခါတည်း ကုန်သွားနိုင်တဲ့အတွက် ကုန်တဲ့အထိ စောင့်ရောင်းခဲ့တယ်။

"မျိုးအေးရေ နင့်တူမကို ပို့ပြီးခဲ့ပြီလား"

"ပို့ပြီးပြီအစ်မ"

"အေးဟယ် နင့်တူမ ငါ့ကိုထမင်းစားဖို့ စောင့်နေလိမ့်မယ်။ ငါ နောက်ကျမှာမို့ ငါ့ကိုမစောင့်နဲ့၊ စားနှင့်လို့ သွားပြောပေးပါဟယ်"

သမီးလေး ထမင်းစားနှင့်ဖို့ ဈေးထဲကို ခရီးသည်လာပို့တဲ့ ဆိုက်ကားသမား မျိုးအေးကို ပြောခိုင်းလိုက်တယ်။

***

## အခန်း (၄)

"မကုလားမရေ ကျွန်မပြန်တော့မယ်"

"ဟဲ့ နေဦးလေ ငါလည်း လိုက်မှာပေါ့"

ကျွန်မနဲ့ မကုလားမတို့ ဈေးရောင်းကောင်းကြောင်း တစ်လမ်းလုံး ဖောင်ဖွဲ့ပြီး စကားပြောလာကြတာ အိမ်နားရောက်မှန်းမသိ ရောက်လာခဲ့တယ်။

"အဟင့် ဟင့် ဟီး ဟီး ဦးမျိုးအေးနော် သမီး မေကြီးနဲ့တိုင်ပြောမှာ"

ကျွန်မသမီးလေးရဲ့ အသံ။ ကျွန်မတို့ အိမ်ထဲက ကြားရတဲ့အသံ။ ကျွန်မ နှလုံးသားတစ်ခုလုံး ရင်ထဲကနေ ခုန်ထွက်သွားသလို ခံစားလိုက်ရတယ်။ ကျွန်မ ကြောင်တောင်တောင်နဲ့ မတ်တတ်ရပ် ကြက်သေသေနေတဲ့ အချိန်မှာ မကုလားမရဲ့ တောက်တစ်ချက် ခေါက်သံ၊ ဆဲလိုက်တဲ့ အသံကို ကြားလိုက်ရတယ်။

"တောက် သေခြင်းဆိုး မျိုးအေး"

ကျွန်မခေါင်းပေါ်က ရွက်ထားတဲ့ ငါးဇလုံကို ပစ်ချလိုက်တယ်။ ကျွန်မရဲ့ ဒေါသစိတ်တွေ ခန္ဓာကိုယ်အနှံ့ ပြေးဝင်စီးဆင်းသလို ကျွန်မခန္ဓာကိုယ်ကလည်း အလိုအလျောက် အိမ်ထဲ ရောက်သွားတော့တယ်။ ငါးခုတ်ဓားကို လက်ကကိုင်လို့ပေါ့။ ကျွန်မသမီးကလွဲပြီး ကျွန်မ ဘာကိုမှ မမြင်တော့ပါဘူး။ အဖေမသိ၊ အမေမရှိ၊ ယောက်ျားဆုံးပါးသွားလို့ မုဆိုးမဘဝနဲ့ တစ်ယောက်တည်း ရုန်းကန်ရချိန်မှာ ကျွန်မတစ်ဘဝလုံးကို သမီးလေး

အတွက် ပေးဆပ်ခဲ့တာပါ။ မြတ်စွာဘုရားရှင်က သူ့ဘဝရဲ့ အဓိပ္ပာယ်ရှိတဲ့ အချိန်တွေကို တရားရှာရင်း၊ တရားပြရင်း ကုန်ဆုံးခဲ့သလို မနှိုင်းကောင်း မနှိုင်းအပ်ပေမဲ့ ကျွန်မဘဝရဲ့ အဓိပ္ပာယ်ရှိတဲ့ အချိန်တွေကို သမီးလေးအတွက် ပေးဆပ်ရင်း ကုန်ဆုံးမှာပါပဲ။ အဲဒါကြောင့် သမီးလေးကို ကျွန်မ အချိန်မီ ကာကွယ်ရမယ်။ သမီးလေးဟာ ကျွန်မဘဝရဲ့ တစ်ဦးတည်းသော ဆွေမျိုး၊ ကျွန်မဘဝရဲ့ တစ်ဦးတည်းသော သမီးလေး၊ ကျွန်မအတွက် ဘုရားပေးတဲ့ တစ်ခုတည်းသော ဆုလာဘ်။ သမီးလေးအတွက် နာရီ၊ စက္ကန့်တွေ ရပ်သွားရင်တောင် ကျွန်မ သွားနေဦးမယ်။ မြစ်ချောင်းတွေ တန့်သွားရင်တောင် ကျွန်မ စီးဆင်းနေဦးမယ်။ တိမ်တိုက်တွေ ငြိမ်သွားရင်တောင် ကျွန်မ ရွေ့လျားနေဦးမယ်။ သမီးလေးဘဝ တစ်လျှောက်လုံး သူများတံတွေးခွက်မှာ ပက်လက်မမျောခင် ကျွန်မ တားလိုက်နိုင်ခဲ့တယ်။ သမီးလေးဟာ သိပ်ငယ် သေးတယ်။ အတွေးနုသေးတယ်။ ပတ်ဝန်းကျင်ဒဏ် မခံနိုင်သေးဘူး။ အခု ပစ္စုပ္ပန်ကနေ နောက်အနာဂတ်ကို လှမ်းခုန်နိုင်ဖို့ဆိုတာ ကျွန်မ ထောက်ကူ ပေးမှ ဖြစ်မယ်။ အဲဒီအတွက် ကျွန်မမှာ ထကောက်စရာ ဘဝမရှိတော့ ရင်တောင် ကျေနပ်ပါတယ်။

"ကလေးမ နင့်အဖေနာမည်ကို မေးနေတာလေ"

ရဲသားကြီး စကားသံကြားမှ အတိတ်ကို ရောက်နေတဲ့ ကျွန်မ လိပ်ပြာဟာ ကျွန်မဆီ ပြေးဝင်ပူးကပ် လာခဲ့တယ်။

"ကိုထွန်းပါ"

"အဖေနာမည်က ဦးကိုထွန်းပေါ့"

"ဟုတ်ကဲ့"

မွေးကတည်းက အဖေဘယ်သူမှန်း မသိခဲ့လို့ ကျွန်မကို အဖေလိုရော ခင်ပွန်းကောင်းလိုပါ စောင့်ရှောက်တဲ့ ကိုထွန်းနာမည်ကို ကျွန်မအဖေ

နေရာမှာ ရေးဖို့ပြောလိုက်တယ်။ တမလွန်က ကိုထွန်း ပျော်နေမလား။ ငို နေမလား။

ကျွန်မရဲ့လုပ်ရပ်ဟာ မိခင်တစ်ယောက်အနေနဲ့ ဘယ်လောက်ပဲ လုပ် သင့်နေပါစေ၊ မှန်နေပါစေ ဥပဒေကြောင်းအရ အပြစ်ရှိတဲ့အတွက် ကျွန်မ အပြစ်ကျခံခဲ့ရတယ်။ နိုင်ငံတော်က တရားမျှမျှ ချမှတ်ခဲ့တဲ့ ပြစ်ဒဏ်ကိုကျခံ ပြီး ကျွန်မသမီးလေး ရှိရာကို အမြန်ပြန်လာခဲ့တယ်။ လမ်းထိပ်မှာ မ ကုလားမ၊ မအေးမြင့်၊ ကျွန်မသမီးလေးနဲ့ ကျွန်မအိမ်နီးနားချင်း တချို့ကို တွေ့လိုက်ရတယ်။ ကျွန်မ ပြစ်ဒဏ် မကျခင်တုန်းက ခင်းမယ်လုပ်ထားတဲ့ လမ်းလေးလည်း ကွန်ကရစ်ခင်းပြီးပြီ။ ကျွန်မသမီးလေးလည်း အပျိုမလေး တစ်ယောက် ဖြစ်နေပြီ။

"မေကြီး"

အသံကုန်ဟစ်အော်ပြီး ကျွန်မထံပြေးလာတဲ့ သမီးလေးကို ကျွန်မထက်ဦး ပြီး မျက်ရည်တို့က မြေပြင်ပေါ် ခုန်ချဆီးကြိုကြတယ်။ ကျွန်မကို သမီးလေး ကဖက်၊ သမီးလေးကို ကျွန်မကဖက် သိပ်လှပတဲ့ အခိုက်အတန့်ပါပဲ။

"ဘုရားပေးတဲ့ မေကြီးရဲ့ဆုလာဘ်ကလေး"

ကျွန်မ သမီးလေးကိုကြည့်ပြီး ဒီစကားကို ပြောလိုက်တယ်။ ပြီးတော့ အားရပါးရ နမ်းလိုက်တယ်"

"ယုရေ ဒီမှာ ကြည့်စမ်း"

မအေးမြင့်က သူ့ကိုယ်နဲ့ ကွယ်ထားတဲ့ လမ်းနာမည်ပါတဲ့ အုတ်ခုံလေး ကျွန်မကိုကြည့်ခိုင်းတယ်။ "ယုယုမေတ္တာလမ်း"တဲ့။ ညည်း အကောင်အထည်ဖော်ပြီး မလုပ်လိုက်ရတဲ့ လမ်းလေးလေ။ အခုညည်းရဲ့ မိခင်မေတ္တာကို အသိအမှတ်ပြုပြီး ဒီလိုနာမည် တပ်ထားတယ်။ ဘဝမှာ

မျက်ရည်တွေ အကြိမ်ကြိမ် ကျခဲ့ဖူးပါတယ်။ ဒီတစ်ခါကျတဲ့ မျက်ရည်က ဝမ်းနည်းလို့ မဟုတ်ပါဘူး။ ကျွန်မ သိလိုက်ရတာက မျက်ရည်ဆိုတာ ပျော်လည်းကျတာပဲ ဆိုတာပါ။

ခေတ်ရန်နဲ့မဂ္ဂဇင်း (၂၀၁၉ ဧပြီ)

***